MB

P.D.F

MOBYE PEOPLE DEFENSE FORCE

# Mobye People Defense Force

ကြေညာချက်အမှတ်၊ **၂/ ၂၀၂၁။** ရက်စွဲ။ **ဇွန်လ (၃)ရက်၊ ၂၀၂၁ခုနှစ်**

## သတိပေးတားမြစ်ချက်

အကြမ်းဖက် စစ်အုပ်စုသည် မိုးဖြဲရဲစခန်းတွင် ယမန်နေ့ညကပင် တပ်ဆွဲထားပါသည်။ မြို့ပေါ်တွင် ဖြတ်သွားဖြတ်လာ ပြည်သူများ၊ စစ်ဘေးရှောင်အတွက် ရိက္ခာဖြည့်တင်းမှုပြုလုပ်နေသော ပြည်သူများကို အကြောင်းမဲ့ ဖမ်းဆီးခြင်း၊ ချိန်းခြောက်စစ်ဆေးခြင်း၊ အဝေးပစ်သေနတ်ဖြင့် ပစ်ခတ်ခြင်းများကို ဇွန်လ ၂ရက်နေ့ မနက်မှစ၍ ညဘက်အထိ ပြုလုပ်လျက်ရှိပါသည်။ ပစ်ခတ်ခံရတဲ့ပြည်သူအချို့တွင် ထိခိုက်ဒဏ်ရာ ပြင်းထန် ရရှိခဲ့ပြီး အရေးပေါ်ဆေးကုသမှု ပေးခဲ့ရပါသည်။ ပစ်ခတ်ခံရသူများသည် **PDF** တပ်ဖွဲ့ဝင်များမဟုတ်ဘဲ အရပ်သားစစ်စစ်တွေသာဖြစ်နေပါသည်။ အကြမ်းဖက်သမားများသည် မဲမဲမြင်ရာ မည်သူမည်ဝါမခွဲခြားဘဲ ရမ်းသမ်းပစ်ခတ်နေခြင်းအပေါ်တွင် ပြည်သူလူထုအတွက် ကျွန်ုပ်တို့မှ အင်မတန် စိုးရိမ်မိပါသည်။ ထို့ကြောင့် အကြမ်းဖက်စစ်တပ် မိုးဖြဲ မြို့ပေါ်တွင် တပ်ဆွဲထားစဉ်ကာလအတွင်း **အရေးပေါ်မလိုအပ်ဘဲ အပြင်မထွက်ပါနှင့်၊ စစ်ရှောင်အတွက် ရိက္ခာလာယူသူများ၊ ရပ်ဝေးမှ လာပြီး မိုးဖြဲကို ဖြတ်သွားမည့်သူများ လမ်းကြောအခြေနေ သတင်းမေးပြီးမှ မြို့အတွင်း ဖြတ်သွားဖြတ်လာပြုလုပ်ရန်၊ အရေးပေါ်အပြင်ထွက်ရမည်, မိုးဖြဲကို ဖြတ်ရမည်ဆိုလျှင် စစ်သားများနှင့် ဝေးရာနေရာမှ ရှောင်ကျဉ်သွားလာရန် “အထူးသတိပေး”** လိုက်ပါသည်။ စစ်ခွေးများသည် ရဲစခန်းနှင့် ၎င်းဝန်းကျင်နေရာများတွင် နေရာယူထားပြီး အဝေးပစ်သေနတ်များဖြင့် ပစ်ခတ်ခြင်း၊ မိုးဖြဲ ၄၂ တပ်မှ လက်နက်ကြီးဖြင့် လူနေအိမ်များပေါ်သို့ ရမ်းသမ်းပစ်ခတ်နေခြင်းများကြောင့် မိဘပြည်သူများအနေဖြင့် အထူး သတိထား ဂရုစိုက် သွားလာနေထိုင်ကြဖို့ မေတ္တာရပ်ခံအပ်ပါသည်။

**_ မိုးဖြဲပြည်သူ့ကာကွယ်ရေးတပ်-MBPDF**

**သတင်းနှင့် ပြန်ကြားရေး။**